မွန်လူ့ထုအသံ
The Mon Forum
HUMAN RIGHTS NEWSLETTER
အတွဲ(၉) ၊ အမှတ်(၄) ၊ ဧပြီလ ၃၀ ၊ ၂၀၂၄
မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ ထုတ်ဝေသည်

# သာယာလှပသည့်ကျေးရွာတစ်ရွာ၏ ဝမ်းနည်းဖွယ်အဆုံးသတ်



စာမျက်နှာ (၄) သို့

## ကျိုက်မရောတွင် လက်နက်ကြီးထိမှန်ပြီး အမျိုးသမီး (၂) ဦး သေဆုံး၊ (၂) ဦး ဒဏ်ရာရ



ဧပြီ ၂၅၊ ၂၀၂၄

၂၀၂၄ ဧပြီလ (၂၄) နှင့် (၂၅) ရက်နေ့များတွင် မွန်ပြည်နယ် ကျိုက်မရော မြို့နယ်ရှိ ကျေးရွာများကို စစ်ကောင်စီက လက်နက်ကြီးဖြင့် ရမ်းသမ်း ပစ်ခတ်တိုက်ခိုက်ခဲ့ရာ လက်နက်ကြီးကျည်ထိမှန်သဖြင့် အမျိုးသမီး (၂) ဦး သေဆုံးကာ (၂) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

စာမျက်နှာ (၆) သို့

## INSIDE

သံဖြူဇရပ်မြို့နယ်မှ ပျောက်ဆုံးနေသည့်ဒေသခံ (၄) ဦး သတ်ဖြတ်ခံရ — စာမျက်နှာ (၉) သို့

လာမည့်မိုးရာသီတွင် ကျိုက်မရောနှင့် ကော့ကရိတ်စစ်ဘေးရှောင်များအတွက် စားနပ်ရိက္ခာနှင့် ခိုလှုံစရာ အခက်အခဲဖြစ်လာနိုင် — စာမျက်နှာ (၁၁) သို့

စစ်တပ်က ကျေးရွာတွင်ဝင်ရောက်တပ်စွဲခြင်းကြောင့် ဒေသခံပြည်သူ (၄,၀၀၀) နီးပါး ထွက်ပြေးတိမ်းရှောင် — စာမျက်နှာ (၁၃) သို့

စစ်ဘေးရှောင်နေအိမ်ရှိ အဖိုးတန်ပစ္စည်းများကို စစ်ကောင်စီတပ်ဖွဲ့ဝင်များက ကားဖြင့်ခိုးယူသယ်ဆောင် — စာမျက်နှာ (၁၅) သို့

၂၀၂၄ မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ မွန်ပြည်နယ် ၊ ကရင်ပြည်နယ် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ(၄) လအတွင်း လူ့အခွင့်အရေးချိုးဖောက်မှု ဒေတာမှတ်တမ်း — စာမျက်နှာ (၂၅) သို့

HUMAN RIGHTS FOUNDATION OF MONLAND (HURFOM)
www.rehmonnya.org

# အာဏာအတွက် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို မီးလောင်တိုက်သွင်းနေသည့် စစ်ကောင်စီ

## (၂၀၂၄ ဧပြီလအတွက် အယ်ဒီတာ့အာဘော်)

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက မွန်လူထုအသံစာစဉ် အတွဲ (၉) အမှတ် (၄) ကို ထုတ်ဝေလိုက်ပါသည်။

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းသည် မြန်မာနိုင်ငံတောင်ပိုင်း မွန်၊ ကရင်နှင့် တနင်္သာရီ ဒေသများတွင် ဖြစ်ပွားနေသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်းတင်ကောက်ခံ စုဆောင်းပြီး အင်တာနက်စာမျက်နှာနှင့် လူမှုကွန်ရက်စာမျက်နှာများမှတဆင့် ပြည်သူလူထုကို တင်ပြလျက်ရှိသည်။ ၎င်းပြင် မွန်လူထုအသံစာစဉ်ကိုလည်း တစ်လတစ်ကြိမ် ထုတ်ဝေလျက်ရှိသည်။

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းအနေဖြင့် တစ်လလျှင် လူ့အခွင့်အရေးချိုးဖောက်မှုသတင်းပေါင်း (၄၀) မှ (၅၀) ကျော်ကြားအထိ ပြည်သူလူထုကို ပုံမှန်တင်ပြလျက်ရှိပြီး ၂၀၂၄ ဧပြီလတွင်လည်း မြို့နယ် (၁၁) မြို့နယ်မှ လူ့အခွင့်အရေးချိုးဖောက်မှုသတင်း အပုဒ် (၃၀) နီးပါးကို ပြည်သူများထံသို့ အသိပေးတင်ပြခဲ့သည်။

၂၀၂၃ မတ်လ (၂၅) ရက်နေ့တွင် ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကော့ဘိန်းကျေးရွာရှိ နယ်မြေရဲစခန်းကို တော်လှန်ရေးအင်အားစုများက တိုက်ခိုက်သိမ်းပိုက်ခဲ့သည်။ မတ်လ (၂၇) နှင့် (၂၈) ရက်နေ့များတွင် မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ဓမ္မသကျေးရွာကို စစ်ကောင်စီက လေကြောင်းတိုက်ခိုက်မှုနှင့် လက်နက်ကြီးပစ်ခတ်မှု ပြုလုပ်ခဲ့သည်။

နေအိမ်အလုံး (၄၀၀) နီးပါး မီးလောင်ပျက်စီးခဲ့ပြီး ရွာလုံးကျွတ်ထွက်ပြေးတိမ်းရှောင်ခဲ့သည်။ နေအိမ်များကို မီးငြိမ်းသတ်ရန် လာရောက်ကူညီသည့် အနီးအနားမြို့နယ်မှ မီးသတ်ကားများကိုလည်း စစ်ကောင်စီက တရနာကျေးရွာတွင် ပိတ်ဆို့တားဆီးခဲ့ရာ ပျက်စီးဆုံးရှုံးမှု ပိုမိုကြီးမားခဲ့သည်။

စစ်ကောင်စီသည် ပြည်သူလူထုကို အကြမ်းဖက်တိုက်ခိုက်သည့်အပြင် စစ်ဘေးရှောင်ပြည်သူများကို ကူညီနေသူများကိုလည်း ပစ်မှတ်ထားနေသည်။ စစ်ဘေးရှောင်ပြည်သူများအတွက် စားနပ်ရိက္ခာကူညီပေးနေသူ မွန်ပြည်နယ်လွှတ်တော်ဒုဥက္ကဋ္ဌဟောင်း ဒေါက်တာအောင်နိုင်ဦးကို ဖမ်းဆီးခဲ့သည်။ စစ်ရှောင်ပြည်သူအရေးကူညီပေးနေသူ သံဃာတော်တစ်ပါးကိုလည်း အကြောင်းမဲ့ပစ်သတ်ခဲ့သည်။

၎င်းပြင် ကျိုက်မရောမြို့နယ် တရနာ၊ ကော့သတ်၊ ကော့စွယ်၊ သံကလောင်၊ ဓမ္မသ အစရှိသည့်ကျေးရွာများကို စစ်ကောင်စီတပ်က စစ်ကြောင်းထိုးနေပြီး လက်နက်ကြီးဖြင့် နေ့စဉ်ရက်ဆက်ပစ်ခတ်နေသဖြင့် ဒေသခံပြည်သူအယောက် (၆.၀၀၀) ကျော် ထွက်ပြေးတိမ်းရှောင်နေရသည်။ ထိခိုက်သေဆုံးသူ (၁၀) ဦးထက်မနည်း ရှိပြီဖြစ်သည်။

၂၀၂၄ ဧပြီလ (၂၅) ရက်နေ့တွင် စစ်ကောင်စီရေတပ်မှ တပ်ဖွဲ့ဝင်များက ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကော့ဘိန်ကျေးရွာကို ဝင်ရောက်စီးနင်းပြီး ဒေသခံရွာသူရွာသားအများ အပြားကို ဖမ်းဆီးနှိပ်စက်ပြီး သတ်ဖြတ်နေကြောင်း သိရသည်။

အသက် (၂၀) အရွယ် အမျိုးသမီးငယ်တစ်ဦးကို အကြောင်းမဲ့ပစ်သတ်ခဲ့ပြီး အမျိုးသား (၃) ဦးကို ဖမ်းဆီးခေါ်ဆောင်သွားကြောင်း ကနဦးသိရှိရသည်။ ၎င်းပြင် ဒေသခံပြည်သူအများအပြားကိုလည်း ဖမ်းဆီးနှိပ်စက်နေကြောင်း သိရသည်။

အဆိုးရွားဆုံးကိစ္စမှာ တော်လှန်ရေးအင်အားစုများ မိမိတို့ကျေးရွာအတွင်းသို့ ဝင်ရောက်လာပါက "**ဓမ္မသကျေးရွာ**" ကဲ့သို့ဖြစ်မည်ဖြစ်ကြောင်း ပြည်သူများကို ခြိမ်းခြောက်ရန် ၂၀၂၄ ဧပြီလ (၁) ရက်နေ့ မွန်ပြည်နယ်အစိုးရရုံးတွင်ကျင်းပသည့် ညှိနှိုင်းအစည်းအဝေးတွင် ဆုံးဖြတ်ချက်ချကာ စေခိုင်းခဲ့ခြင်းဖြစ်သည်။

စစ်ရှုံးနေသည့်စစ်ကောင်စီက အကြမ်းဖက်မှုများကို ကျယ်ကျယ်ပြန့်ပြန့်ကျူးလွန်ကာ ပြည်သူများကို အကြောက်တရားဖြင့် အုပ်ချုပ်နိုင်ရန် ကြိုးပမ်းလျက်ရှိသည်။

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းသည် သတင်းအချက်အလက်ကောက်ခံစုဆောင်းခြင်းနှင့် သတင်းထုတ်ပြန်ခြင်း မှတဆင့် စစ်တပ်က ၎င်းတို့ကျူးလွန်ထားသည့်လူ့အခွင့်အရေးချိုးဖောက်မှု များအတွက် ပြစ်ဒဏ်ကင်းလွတ်ခွင့်ရ နေသည့်အလေ့အထကို ချိုးဖျက်ရပ်တန့်ရန်လည်းကောင်း၊ မြန်မာနိုင်ငံတွင် စစ်မှန်သောငြိမ်းချမ်းရေးရရှိရန်နှင့် စစ်မှန်သောဖက်ဒရယ်ဒီမိုကရေစီစနစ် ပေါ်ထွန်းရန်လည်းကောင်း ရည်ရွယ်ပါသည်။

အယ်ဒီတာအဖွဲ့
မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း
၂၀၂၄ ဧပြီလ



# သာယာလှပသည့်ကျေးရွာတစ်ရွာ၏ ဝမ်းနည်းဖွယ်အဆုံးသတ်



**ဧပြီ ၉၊ ၂၀၂၄**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်ရှိ ခမ္မသကျေးရွာသည် ဂျိုင်းမြစ်ကမ်းနံဘေးတွင် တည်ရှိပြီး သာယာလှပသော ကျေးရွာတစ်ရွာဖြစ်သည်။ မွန်လူမျိုးအများစုနေရာသည့် အဆိုပါကျေးရွာ အိမ်ကြီးအိမ်ကောင်းများလည်း အမြောက်အမြား ရှိသည်။ ယခုအခါမှာ ခမ္မသကျေးရွာသည် စစ်ကောင်စီ၏ အဆင်ခြင်မဲ့ မိုက်မဲသည့်တိုက်ခိုက်မှုကြောင့် ပြာပုံဘဝသို့ ရောက်သွားပြီဖြစ်သည်။

၂၀၂၄ မတ်လ (၂၅) ရက်နေ့တွင် ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကော့ဘိန်းကျေးရွာရဲစခန်းကို မွန် - ကရင်တော်လှန်ရေးအင်အားစု ပူးပေါင်းတပ်ဖွဲ့တို့က ဝင်ရောက်တိုက်ခိုက်ရာမှ နှစ်ဖက်တိုက်ပွဲပြင်းထန်စွာ ဖြစ်ပွားခဲ့သည်။ နောက်ဆုံးတွင် တော်လှန်ရေးအင်အားစုများက ရဲစခန်းကို သိမ်းပိုက်နိုင်ခဲ့သည်။။

ရဲစခန်းကို သိမ်းပိုက်နိုင်ခဲ့ကြောင်း တော်လှန်ရေးအင်အားစုများက ကြေညာပြီး မကြာခင်မှာပင် တိုက်ပွဲဖြစ်ပွားရာနေရာနှင့် သက်ဆိုင်ခြင်းမရှိသော ခမ္မသကျေးရွာကို စစ်ကောင်စီက အကြောင်းမဲ့တိုက်ခိုက်ခဲ့သည်။ စစ်ကောင်စီ၏ ကြည်း၊ ရေ၊ လေတပ်ဖွဲ့များက ခမ္မကျေးရွာကို လေကြောင်းတိုက်ခိုက်မှုများနှင့် လက်နက်ကြီးပစ်ခတ်မှုများကို မတ်လ (၂၇) ရက်နေ့ ညနေပိုင်းအချိန်တွင် လုပ်ဆောင်ခဲ့သည်။

**"နှစ်ရက်ဆက်တိုက် ဂျိုင်းမြစ်ကနေ နေအိမ်တွေကို လှမ်းပစ်တာ။ ရွာမှာက နေအိမ်တွေကလည်း (တစ်အိမ်နဲ့တစ်အိမ်) သိပ်မဝေးတော့ မီးကူးသွားတယ်။ (တခြားမြို့နယ်က) မီးသတ်ကားတွေ မလာနိုင်အောင် စစ်တပ်က တရနာလမ်းကို ပိတ်ထားတယ်"** ဟု ခ မ္မသကျေးရွာမှ ဒေသခံပြည်သူတစ်ဦးက ပြောသည်။

မီးငြိမ်းသတ်နိုင်ခြင်းမရှိသဖြင့် တစ်ရွာလုံးနီးပါး မီးလောင်ပြာကျခဲ့ရသည်။ လူ (၁) ဦး သေဆုံးပြီး နေအိမ် အလုံး (၃၀၀) ခန့် မီးလောင်ပျက်စီးခဲ့သည်။ ဆုံးရှုံးမှုတန်ဖိုးမှာ ခန့်မှန်းခြေ သိန်းပေါင်းသောင်းချီ ရှိခဲ့သည်။

**"ပျဉ်ထောင်အိမ်တွေ နှစ်ထပ်အိမ်တွေ အများဆုံးလောင်ကုန်တယ်။ ရွာရဲ့ (၉၀) ရာခိုင်နှုန်းက မီးလောင် သွားတာ"** ဟု ဒေသခံတစ်ဦးက ပြောသည်။

ဓမ္မသကျေးရွာသာမက အနီးအနားရှိ ကော့ဘိန်း၊ ကော့ပေါက်၊ ဘုရားကြီး၊ သံကလောင်၊ တရနာနှင့် ကော့သပ်ကျေးရွာများကိုလည်း စစ်ကောင်စီက လက်နက်ကြီးဖြင့် ရမ်းသမ်းပစ်ခတ်နေသဖြင့် ဒေသခံပြည်သူအယောက် (၆,၀၀၀) ခန့်သည် ဘေးလွတ်ရာသို့ ထွက်ပြေး တိမ်းရှောင်နေရသည်။

**"မီးလောင်တုန်းက ရွာထဲမှာ လူတွေ ကျန်သေးတယ်။ အများစုက အိမ်စောင့်တဲ့ယောကျ်ားလေးတွေ ကျန်ခဲ့တယ်"** ဟု ဓမ္မသရွာသားတစ်ဦးက ပြောသည်။

စစ်ရှောင်ပြည်သူများမှာ အနီးအနားရှိ ကျောက်ဂူများတွင် ပုန်းအောင်းနေရပြီး အချို့မှာ ဘုန်းတော်ကြီး ကျောင်းများတွင် ခိုလှုံနေကြသည်။

ချောင်းဆုံနှင့် မော်လမြိုင်မြို့နယ်များရှိ ဘုန်းတော်ကြီးကျောင်းများတွင် စစ်ရှောင်ပြည်သူ အယောက် (၅၀၀) နီးပါး ရောက်ရှိနေပြီး စားနပ်ရိက္ခာနှင့် နေရာထိုင်ခင်းများအတွက် အခက်အခဲရှိနေကြသည်။

စစ်ကောင်စီအင်အား (၁၀၀) ကျော်က ကျိုက်မရောမြို့နယ် တရနာနှင့် ကော့သပ်ကျေးရွာများကို စစ်ကြောင်းထိုးဝင်ရောက်လာပြန်သည်။ ဘုန်းတော်ကြီးကျောင်း၊ စာသင်ကျောင်းနှင့် လမ်းကြိုလမ်းကြား များတွင် တပ်စွဲထားသဖြင့် ဒေသခံပြည်သူများမှာ ကြောက်ရွံ့ပြီး ထွက်ပြေးတိမ်းရှောင်နေရသည်။

**"လောလောနဲ့ထွက်ပြေးလာတော့ စားနပ်ရိက္ခာက မလုံလောက်ဘူး။ အခု ရွာထဲကို ပြန်ဝင်ဖို့ကျတော့ လည်း စစ်တပ်က လေယာဉ်နဲ့ ကင်းထောက်နေတယ်။ လက်နက်ကြီးနဲ့လည်း ရမ်းသမ်းပစ်နေတယ်။ ဂျိုင်းမြစ်ကိုလည်း ပေးမဖြတ်တော့ဘူး"** ဟု စစ်ရှောင်ပြည်သူတစ်ဦးက ပြောသည်။

လက်ရှိအချိန်တွင် ဓမ္မသကျေးရွာနှင့် အနီးတဝိုက်တွင် တိုက်ပွဲဖြစ်ပွားခြင်း မရှိသော်လည်း ဧပြီလ (၈) ရက်နေ့တွင် စစ်ကောင်စီက ဓမ္မသ၊ တရနာနှင့် ကျွန်းကုန်းကျေးရွာများကို လေကြောင်းဖြင့် တိုက်ခိုက်ခဲ့ ပြန်သည်။ တိုက်ခိုက်မှုကြောင့် ကလေးငယ် (၂) ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။

ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့နှင့် မွန်ပြည်သစ်ပါတီ (အာဏာရှင်တိုက်ဖျက်ရေး) တပ်ဖွဲ့တို့ သွားလာ လှုပ်ရှားနေသည်ဟုဆိုကာ စစ်ကောင်စီက ဓမ္မသကျေးရွာနှင့် အနီးတဝိုက်ကို ပစ်မှတ်ထား တိုက်ခိုက် နေဆဲဖြစ်သည်။

**"စစ်ပွဲပြီးလို့ ကိုယ့်ရွာကိုပြန်ရင်တောင် နေစရာအိမ်လည်း မရှိ၊ ခိုနားစရာဘုန်းကြီးကျောင်းလည်း မရှိ။ ဘယ်အချိန်အထိ စစ်ဘေးရှောင်နေရမလဲ မသိဘူး"** ဟု စစ်ရှောင်အမျိုးသမီးတစ်ဦးက ပြောသည်။

ဓမ္မသကျေးရွာမှ ထွက်ပြေးတိမ်းရှောင်လာရသူများသည် မွန်ပြည်နယ်တောင်ပိုင်းရှိ နေရာအနှံ့အပြား တွင် ခိုလှုံနေရပြီး ၎င်းတို့ကို နိုင်ငံခြားရောက်မွန်လူမျိုးများ၊ မွန်လုပ်ငန်းရှင်များ၊ သံဃာတော်များနှင့် မွန်ပြည်သူလူထုများက ကူညီထောက်ပံ့လျက်ရှိသည်။

# ကျိုက်မရောတွင် လက်နက်ကြီးထိမှန်ပြီး အမျိုးသမီး (၂) ဦး သေဆုံး၊ (၂) ဦး ဒဏ်ရာရ

ဧပြီ ၂၅၊ ၂၀၂၄

၂၀၂၄ ဧပြီလ (၂၄) နှင့် (၂၅) ရက်နေ့များတွင် မွန်ပြည်နယ် ကျိုက်မရောမြို့နယ်ရှိ ကျေးရွာများကို စစ်ကောင်စီက လက်နက်ကြီးဖြင့် ရမ်းသမ်းပစ်ခတ်တိုက်ခိုက်ခဲ့ရာ လက်နက်ကြီး ကျည်ထိမှန်သဖြင့် အမျိုးသမီး (၂) ဦး သေဆုံးကာ (၂) ဦး ထိခိုက် ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဧပြီလ (၂၄) ရက်နေ့ ညနေ (၄) နာရီအချိန်ခန့်တွင်ကော့စွယ်ကျေးရွာရှိ ကိုရွှေထွန်း၏နေအိမ်တွင် လက်နက်ကြီးကျရောက်ပေါက်ကွဲခဲ့သဖြင့် ကိုရွှေထွန်း၏ဇနီးဖြစ်သူ သေဆုံးခဲ့ပြီး ကိုရွှေထွန်းနှင့် အခြားအမျိုးသမီး (၁) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

**"ကိုရွှေထွန်းအမျိုးသမီးရဲ့ ဒဏ်ရာက သွေးအရမ်းထွက်နေတော့ ဆေးရုံတင်ပေမဲ့ အသက်မမီလိုက်ဘူး။ ကိုရွှေထွန်းနဲ့ စကား ထိုင်ပြောနေတဲ့အမျိုးသမီးကတော့ ပေါင်တစ်ဖက်မှာ ဒဏ်ရာရ သွားတယ်။ အခု မော်လမြိုင်ဆေးရုံကြီးမှာ တင်ထားတယ်"** ဟု ဒေသခံတစ်ဦးက ပြောသည်။

၎င်းပြင် ဧပြီလ (၂၅) ရက်နေ့ နံနက် (၈) နာရီတွင်စစ်ကောင်စီ စစ်ကြောင်းက ကော့ဘိန်းကျေးရွာကို စစ်ကြောင်းထိုးဝင် ရောက်လာပြီး လက်နက်ကြီးဖြင့် ရမ်းသမ်းပစ်ခတ်ခဲ့ရာ အမျိုးသမီးငယ်တစ်ဦး ကျည်ထိမှန်သေဆုံးခဲ့သည်။

**"ကော့ဘိန်းက မိန်းကလေးငယ်တစ်ယောက် ဒီမနက်ကပဲ လက်နက်ကြီး ကျည်ထိပြီး ဆုံးသွားတယ်လို့ ကြားတယ်။ အစ်မတို့လည်း အပြင်မထွက် ရဲတော့ အတိအကျမသိဘူး။ ရွာကနေထွက်ပြေးဖို့ပြင်နေတုန်းမှာ ပစ်ခတ် သံကြားတော့ အိမ်မှာပဲ ပုန်းနေရတယ်။ ခုချိန်တော့ ဘယ်မှကိုထွက်မရ ဘူး"** ဟု ကော့ဘိန်းကျေးရွာမှ အမျိုးသမီးတစ်ဦးက ပြောသည်။

၂၀၂၄ မတ်လ (၂၇) ရက်နေ့တွင် ကော့ဘိန်းကျေးရွာရဲစခန်းကို တော်လှန်ရေးအင်အားစုများကို ဝင်ရောက်တိုက်ခိုက်ခဲ့ပြီးနောက်ပိုင်း ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်နှင့် မွန်ပြည်နယ် ကျိုက်မရော မြို့နယ်တို့တွင် ယနေ့အချိန်အထိ တစ်လနီးပါးကြာသည့်တိုင်အောင် တိုက်ပွဲများ ပြင်းထန်နေဆဲဖြစ်သည်။



**"စစ်ဘေးရှောင်ပြီး နေရပ်ပြန်လာတာ မကြာသေးဘူး။ ဧပြီ (၂၂) ရက်နေ့ဆို လေယာဉ်နဲ့ရော လက်နက်ကြီးပါ (၁၆) လုံးလောက် အပစ်ခံရတာ။ လက်နက်ကြီးကတော့ နေ့တိုင်းပစ်နေတာပဲ။ အခုတော့ ရွာကလူတွေ အကုန်လုံးထွက်ပြေးကုန်ပြီ"** ဟု ဒေသခံ သတင်းရင်းမြစ်တစ်ဦးက ပြောသည်။

လက်ရှိအချိန်တွင် စစ်ကောင်စီတပ်ဖွဲ့ဝင်များက ကော့ဘိန်း နယ်မြေရဲစခန်းတွင် ပြန်လည်တပ်စွဲထားသဖြင့် ရွာလုံးကျွတ်ဘေး လွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်နေရသည်။

စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုနှင့် လက်နက်ကြီးပစ်ခတ် မှုတို့ကြောင့် နေအိမ် (၅၀၀) ကျော် မီးလောင်ပျက်စီးခဲ့ပြီး ဒေသခံ ပြည်သူ (၁၀) ဦးထက်မနည်း ထိခိုက်သေဆုံးခဲ့ကြောင်း သိရသည်။

# စစ်ရေးလှုပ်ရှားမှုနှင့် လူမှုကွန်ရက်ပေါ်မှသတင်းများကြောင့် ရေးမြို့နယ်မှ ပြည်သူများ စိုးရိမ်ပူပန်ပြီး စစ်ရှောင်ရန် ပြင်ဆင်နေ




ဧပြီ ၁၊ ၂၀၂၃

တော်လှန်ရေးမဟာမိတ်တပ်ပေါင်းစုများက အာဏာသိမ်း အကြမ်းဖက်စစ်ကောင်စီကို အရှိန်အဟုန်မြင့်ထိုးစစ်ဆင်မည်ဖြစ်သဖြင့် ပြည်သူများအနေဖြင့် အထူးသတိထားနေထိုင်ကြရန် တော်လှန်ရေးတပ်ဖွဲ့တို့က တိုက်တွန်းနှိုးဆော်နေခြင်းကြောင့် ဒေသခံပြည်သူများအကြား စိုးရိမ်မှုမြင့်တက်ပြီး စစ်ဘေးရှောင်ရန် အထုပ်အပိုးများ ပြင်ဆင်နေကြောင်း သိရသည်။

မွန်ပြည်နယ် ရေးမြို့နယ်အတွင်းရှိ စစ်ကောင်စီတပ်စခန်းနှင့် နီးကပ်သည့် မြို့ရွာများဖြစ်သည့် ရေးမြို့၊ ခါဇာမြို့၊ လမိုင်းမြို့၊ ကျောင်းရွာကျေးရွာ၊ မေ့ကနင်ကျေးရွာ၊ ကုန်းပေါ်ရွာသစ်ကျေးရွာ၊ ကွမ်ဒူကျေးရွာနှင့် မွန်ပြည်သစ်ပါတီထိန်းချုပ်နယ်မြေမှကျေးရွာများရှိ ပြည်သူများအနေဖြင့် အထူးသတိထားနေထိုင်ကြရန် လူမှုကွန်ရက်တွင် တိုက်တွန်းနှိုးဆော်မှုများ ပြုလုပ်နေကြသည်။

**"အွန်လိုင်းပေါ်ကနေသတင်းတွေ တွေ့ပြီးတော့ အိပ်လို့လည်းမရ၊ စိုးရိမ်စိတ်တွေ ဖြစ်နေတယ်။ ဖြစ်ရင် ဘယ်လိုလွတ်အောင်ပြေးရမလဲ တွေးရင်းနဲ့ အိပ်မပျော်ဘူး။ အခုတလော ဘယ်နေရာသွားသွား ဒီအကြောင်းပဲကြားနေရတော့ ရင်တွေပူလာတယ်။ ဓမ္မသရွာလိုအဖြစ်မျိုး (ဖြစ်လာမှာ) အရမ်းကြောက်နေတယ်။ ကြိုတင်ပြင်ဆင်သင့်တာတွေ ပြင်ဆင်ထားတယ်။ ကော့ဒွတ်ရွာပင်လယ်ဝမှာလည်း စစ်သင်္ဘော (၂) စင်း နေရာယူထားတော့ ပိုပြီးစိုးရိမ်ကြောက်လန့်နေရတယ်။ တစ်ချို့အိမ်တွေဆို ပုန်းဖို့အတွက်မြေကြီး(ဗုံးခိုကျင်းတောင်)တူးထားတာ တွေ့ရတယ်"** ဟု ရေးမြို့နယ်မှ ဒေသခံတစ်ဦးက ပြောသည်။

၂၀၂၄ ဧပြီလ (၁) ရက်နေ့ နံနက် (၈) နာရီတွင် ရေးမြို့နယ် ခါဇာအခြေစိုက်စစ်ကောင်စီတပ်က လက်နက်ကြီးဖြင့် ရမ်းသမ်းပစ်ခတ်နေသဖြင့် ဘေးလွတ်ရာသို့ထွက်ပြေးတိမ်းရှောင်နေသူများ ရှိသကဲ့သို့ မြို့အတွင်းတွင် ပုန်းအောင်းနေရသူများလည်း ရှိသည်။

**"ခရက်ပိုင်း ခါဇာဘက်မှာ လက်နက်သံတွေ ကြားနေရတယ်။ ခါဇာမှာ စစ်ကောင်စီတပ်ရှိတော့ ရွာသားတွေက ပိုကြောက်တယ်။ သေနတ်သံကြောင့် ထွက်ပြေးလိုက် ပြန်လာလိုက်နဲ့ ပျာယာခတ်နေကြတယ်။ တစ်ချို့က မော်လမြိုင်ဘက်ကို ပြောင်းသွားတယ်။ ဒီမှာကျန်နေတဲ့လူတွေကလည်း အထုပ်အပိုးတွေ ပြင်ထားတယ်။ အခုအချိန်မှာ အစစအရာရာ သတိထားပြီးနေ,နေရတယ်"** ဟု ခါဇာဒေသခံတစ်ဦးက ပြောသည်။

၂၀၂၄ မတ်လ (၃၁) ရက်နေ့တွင်လည်း အမှတ် (၈) ပြည်ထောင်စုလမ်းမကြီး (ရေးတောင်ပိုင်း - သရက်ချောင်းလမ်းပိုင်း) တွင် ညနေ (၆) နာရီမှ မနက် (၆) နာရီအတွင်း သွားလာခြင်းမပြုကြရန် မွန်ပြည်တော်လှန်ရေးတပ်နှင့် မဟာမိတ်အင်အားစုများက ထုတ်ပြန်ထားသည်။

မွန်ပြည်နယ် ရေးနှင့် သံဖြူဇရပ်မြို့နယ်များရှိ ဟံဂံ၊ ကလော့၊ နှစ်ကရင်၊ ပင၊ တောင်ပုံ၊ သောင်ပြင်၊ ကော့ဒွတ်၊ အနင်းနှင့် ကရုပ္ပိကျေးရွာများသည် လက်နက်ကြီးကျရောက်ပေါက်ကွဲပါက မီးလောင်လွယ်သည့်ကျေးရွာများ ဖြစ်ကြောင်း လူမှုကွန်ရက်တွင် ရေးသားနေကြသဖြင့် အဆိုပါကျေးရွာများမှ ဒေသခံပြည်သူများမှာ စိုးရိမ်ကြောက်လန့်နေကြသည်။

# ရေဖြူနှင့် ကလိန်အောင်တွင် အရပ်သား (၁၀) ဦးကျော်ကို စစ်ကောင်စီ ဖမ်းဆီး




ဧပြီ ၂၊ ၂၀၂၃

၂၀၂၄ မတ်လ (၂၉) ရက်နေ့တွင် တနင်္သာရီတိုင်း ရေဖြူနှင့် ကလိန်အောင်မြို့နယ်များမှ အရပ်သားပြည်သူ (၁၂) ဦးကို စစ်ကောင်စီတပ်က ဖမ်းဆီးခေါ်ဆောင်သွားကြောင်း ဒေသခံများက ပြောသည်။

ရေဖြူမြို့နယ် ကံပေါက်ကျေးရွာ မဂ္ဂင်ရပ်ကွက်မှ အသက် (၅၀) အရွယ် ကိုမင်းလွင်ဦးကို စစ်ကောင်စီက ညပိုင်းအချိန်၌ ၎င်း၏နေအိမ်တွင် လာရောက်ဖမ်းဆီးခဲ့သည်။

၎င်းပြင် ကလိန်အောင်မြို့နယ် ကျောက်ရှပ်ရွာ၊ မိကျောင်းလျောင်ရွာသစ်နှင့် အမှတ် (၂) ရပ်ကွက်မှ အမျိုးသား (၇) ဦးနှင့် အမျိုးသမီး (၄) ဦးတို့ကိုလည်း နေအိမ်တွင်ပင် လာရောက်ဖမ်းဆီးခဲ့သည်။

**“အရင်ဆုံး မဂ္ဂင်ရပ်ကွက်က ကိုမင်းလွင်ဦးကို ဖမ်းတယ်။ ပြီးတော့မှ ကလိန်အောင်မြို့က လင်မယား (၂) တွဲ၊ ကျောက်ရှပ်ရွာက အုပ်ချုပ်ရေးမှူးအပါ အမျိုးသား (၅) ယောက်နဲ့ အမျိုးသမီး (၂) ယောက် ကို ဖမ်းတာ။ ဘာကြောင့်ဖမ်းသွားလဲဆိုတာ ခုချိန်ထိ မသိရသေးဘူး”** ဟု ရေဖြူမြို့ခံတစ်ဦးက ပြောသည်။


ကလိန်အောင်မြို့နယ် မိကျောင်းလျောင်ရွာသစ်နေ ကိုကျော်သူထွေးတို့ ဇနီးမောင်နှံသည် ပြီးခဲ့သည့်နှစ်ကလည်း စစ်ကောင်စီ၏ဖမ်းဆီးခြင်းကို ခံခဲ့ရပြီး ပြန်လည်လွတ်မြောက်လာပြီးနောက် နောက်ထပ်တစ်ကြိမ် ထပ်မံဖမ်းဆီးခံရခြင်း ဖြစ်သည်။

**“ကိုမင်းလွင်ဦးက ကုမ္ပဏီက ယာဉ်မောင်းတစ်ယောက်ပဲ။ ဘာကြောင့်ဖမ်းလဲဆိုတာတော့ မသိဘူး”** ဟု မိသားစုဝင်နှင့်နီးစပ်သူတစ်ဦးက ပြောသည်။

ကိုမင်းလွင်ဦးကို မောရဝတီရေတပ်စခန်းဌာနချုပ်သို့ ဖမ်းဆီးခေါ်ဆောင်သွားပြီး အခြားဖမ်းဆီးထားသူ (၁၁) ဦးကိုမူ ကလိန်အောင်ရဲစခန်းတွင် ချုပ်နှောင်ထားသည်။

ပြီးခဲ့သည့် ဖေဖော်ဝါရီလ လကုန်ပိုင်းတွင် ထိုင်းနိုင်ငံပိုင် PTTEP ကုမ္ပဏီမှ ယာဉ်မောင်းဖြစ်သူ ဦးကိုနိုင်ကို စစ်ကောင်စီက ဖမ်းဆီးခဲ့ပြီး မောရဝတီရေတပ်စခန်းတွင် ထိန်းသိမ်းထားရာမှ ရေဖြူမြို့နယ် အကျဉ်းထောင်သို့ ပြောင်းရွှေ့ပို့ဆောင်လိုက်ကြောင်း မိသားစုဝင်များနှင့်နီးစပ်သူက ပြောသည်။

# သံဖြူဇရပ်မြို့နယ်မှ ပျောက်ဆုံးနေသည့်ဒေသခံ (၄) ဦး သတ်ဖြတ်ခံရ



မေ ၄၊ ၂၀၂၄

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်မှ (၁) လနီးပါး ပျောက်ဆုံးနေသည့်ဒေသခံအမျိုးသား (၄) ဦးကို တော်လှန်ရေးလက်နက်ကိုင်တပ်ဖွဲ့တစ်ခုဖြစ်သည့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် အမှတ် (၂၇) တပ်ရင်း၏ တောင်ညိုစစ်ကြောင်းက ဖမ်းဆီးသတ်ဖြတ်လိုက်ကြောင်း အဆိုပါစစ်ကြောင်းက မတ်လ (၂၀) ရက်နေ့တွင် ထုတ်ပြန်သည့်အမိန့်စာအရ သိရသည်။

မတ်လ (၆) ရက်နေ့တွင် သံဖြူဇရပ်မြို့နယ် ကရုပ္ပိကျေးရွာမှ အသက် (၄၀) အရွယ် နိုင်သိန်းဇော်နှင့် အသက် (၅၀) အရွယ် နိုင်အကျဲ၊ အံခဲကျေးရွာမှ အသက် (၄၀) အရွယ် နိုင်ကွန်းတီးနှင့် နိုင်ကွန်းတင့်တို့သည် ရှင်ပြုပွဲအတွက် ပစ္စည်းများဝယ်ယူရန် ဝဲခမိကျေးရွာဘက်သို့ ကားဖြင့် ထွက်ခွာသွားခဲ့သည်။

ပြည်သူလူထု၏သတင်းပေးချက်အရဟု ဆိုကာ ၎င်းတို့ကို တောင်ညိုစစ်ကြောင်းတပ်ခွဲ (၂) က စစ်ဆေးခဲ့ရာ နိုင်သိန်းဇော်၏လက်ကိုင်ဖုန်းတွင် ကရုပ္ပိရဲစခန်းမှ စခန်းမှူး၏ဖုန်းနံပါတ်ကို တွေ့ရှိခဲ့သဖြင့် ၎င်းတို့အားလုံးကို ကြိုးတုပ်ကာ ဖမ်းဆီးခေါ်ဆောင်သွားသည်။

အရက်မူးနေသည့်တပ်ဖွဲ့ဝင်တစ်ဦးက ဖမ်းဆီးထားသူများကို ရိုက်နှက်စစ်ဆေးစဉ် လူသေမှုဖြစ်ခဲ့သည်ဟု တောင်ညိုစစ်ကြောင်းက ထုတ်ပြန်ခဲ့သည်။

**“အရပ်သား (၄) ယောက် ပျောက်နေတဲ့ကိစ္စနဲ့ပတ်သက်ပြီးတော့ ဝဲခမိဒေသမှာလှုပ်ရှားနေတဲ့ လက်နက်ကိုင်တပ်ဖွဲ့တွေကို ဒေသခံအဖွဲ့အစည်းတွေ သံဃာတော်တွေ ရွာသူရွာသားတွေကပါ အကြိမ်ကြိမ်သွားရောက်မေးမြန်းခဲ့တယ်။ (အဲဒီတုန်းက) သူတို့ဘက်က (မသိဘူးဆိုပြီး) လိမ်လည်ငြင်းဆိုခဲ့တယ်”** ဟု သံဖြူဇရပ်မြို့နယ်မှ ဒေသခံတစ်ဦးက ပြောသည်။

အသတ်ခံရသူများအနက် နိုင်သိန်းဇော်သည် မွန်ပြည်သစ်ပါတီ၏ လယ်ယာမြေနှင့် ဥယျာဉ်ခြံဌာနမှ အဖွဲ့ဝင်တစ်ဦးဖြစ်ပြီး နိုင်အကျဲသည် မွန်အမျိုးသားကျောင်း၏ အကျိုးတော်ဆောင်တစ်ဦးဖြစ်ကြောင်း သိရသည်။

**“အခုလိုမျိုး အမိန့်ကြေညာစာက လိုင်းပေါ်မှာပျံ့လာပြီဆိုတော့ သူတို့ သတ်လိုက်တာ သေချာနေပြီပေါ့”** ဟု သံဖြူဇရပ်မြို့နယ်မှ ဒေသခံတစ်ဦးက ပြောသည်။

သတ်ဖြတ်မှုကျူးလွန်သူကို အလုပ်ကြမ်းနှင့် ထောင်ဒဏ် (၅) နှစ် ချမှတ်ပြီး အဖွဲ့ဝင်အဖြစ်မှ ရာသက်ပန်ထုတ်ပယ်ကြောင်း တောင်ညိုစစ်ကြောင်းက ထုတ်ပြန်ခဲ့သော်လည်း နစ်နာသူမိသားစုဝင်များကိုမူ တောင်းပန်ခြင်းတစ်စုံတရာ မရှိချေ။

ကာကယံရှင်များ၏မိသားစုဝင်များက တောင်ညိုစစ်ကြောင်း၏လုပ်ရပ်ကို လက်မခံနိုင်သဖြင့် အဆိုပါစစ်ကြောင်းနှင့် ညှိနှိုင်းဆွေးနွေးပေးရန် မွန်ပြည်သစ်ပါတီကို ၂၀၂၄ ဧပြီလ (၃) ရက်နေ့တွင် တောင်းဆိုခဲ့သည်။

# မော်လမြိုင်ဒေသခံ (၄) ဦးကို ဖမ်းဆီးပြီး အကြမ်းဖက်ဥပဒေဖြင့် အမှုဖွင့်



**ဧပြီ ၉၊ ၂၀၂၄**

မွန်ပြည်နယ် မော်လမြိုင်မြို့မှ ဒေသခံပြည်သူ (၄) ဦးကို အမျိုးသား ညီညွတ်ရေးအစိုးရကို ရန်ပုံငွေထောက်ပံ့သည်ဟု စွပ်စွဲပြီး စစ်ကောင်စီက ဖမ်းဆီးကာ အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်ထားကြောင်း သိရသည်။

၂၀၂၄ ဧပြီလ (၄) ရက်နေ့တွင် မော်လမြိုင်မြို့မှ ဦးဇင်မင်းဦးနှင့် ဒေါ်ချိုချိုခိုင်တို့ကို ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ကို ငွေကြေး ထောက်ပံ့ခြင်းနှင့် ရန်ပုံငွေရရှိရေးအတွက် လူမှုကွန်ရက်စာမျက်နှာ ပေါ်တွင် တိုက်တွန်းလှုံ့ဆော်ခြင်းများ ပြုလုပ်ခဲ့ကြောင်း စွပ်စွဲကာ နေအိမ်တွင် လာရောက်ဖမ်းဆီးခဲ့သည်။

ဧပြီလ (၇) ရက်နေ့တွင်လည်း မော်လမြိုင်မြို့ မောင်ငံရပ်ကွက်နေ ကိုကြည်ဝါထွန်းနှင့် ဒေါ်ပွင့်ဖြူအောင်တို့ကို အမျိုးသားညီညွတ်ရေး အစိုးရရန်ပုံငွေအတွက် ထီလက်မှတ်ရောင်းချခြင်းနှင့် ပြည်သူ့ ကာကွယ်ရေးတပ်ဖွဲ့ကို ငွေကြေးထောက်ပံ့ခြင်းများ ပြုလုပ်ခဲ့သည် ဟု စွပ်စွဲပြီး ဖမ်းဆီးခဲ့ပြန်သည်။

**“မော်လမြိုင်မှာ သူတို့အုပ်ချုပ်လို့ရနေတော့ ပိုဖိတာ။ လမ်းမှာဆို လည်း လူငယ်တွေကို ဖမ်းပြီး တောက်လျှောက်ငွေညှစ်နေတာ။ ဥပဒေမဲ့သလို ဖြစ်နေပြီ။ ဒီနောက်ပိုင်း မော်လမြိုင်မှာ ညဘက်ဆို ဘယ်သူမှ အပြင်မထွက်ဘူး”** ဟု မြို့ခံတစ်ဦးက ပြောသည်။

ဖမ်းဆီးထားသူ (၄) ဦးကို အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၀(ည) နှင့် ၅၂(က) တို့ဖြင့် အမှုဖွင့်ထားပြီး အမြင့်ဆုံးပြစ်ဒဏ် အနေဖြင့် ထောင်ဒဏ် တစ်သက် သို့မဟုတ် အနှစ် (၂၀) အထိ ချမှတ်နိုင်သည်။

ပြီးခဲ့သည့်မတ်လ (၂၅) ရက်နေ့ကလည်း မော်လမြိုင်မြို့နယ် ကော့ခမယ်နှင့် ခရွန်းရှမ်းကျေးရွာနေ ဒေသခံပြည်သူ (၂) ဦးကို ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ကို ငွေကြေးထောက်ပံ့သည်ဟုဆိုကာ ဖမ်းဆီးပြီး အကြမ်းဖက်ဥပဒေဖြင့် အမှုဖွင့်ခဲ့သည်။

“

“မော်လမြိုင်မှာ သူတို့အုပ်ချုပ်လို့ရနေတော့ ပိုဖိတာ။
လမ်းမှာဆိုလည်း လူငယ်တွေကို ဖမ်းပြီး တောက်လျှောက်
ငွေညှစ်နေတာ။ ဥပဒေမဲ့သလို ဖြစ်နေပြီ။ ဒီနောက်ပိုင်း
မော်လမြိုင်မှာ ညဘက်ဆို ဘယ်သူမှ အပြင်မထွက်ဘူး”



မွန်ပြည်လူ့ အခွင့်အရေးဖောင်ဒေးရှင်းမှ ထုတ်ဝေသည်။

# လာမည့်မိုးရာသီတွင် ကျိုက်မရောနှင့် ကော့ကရိတ်စစ်ဘေးရှောင် များအတွက် စားနပ်ရိက္ခာနှင့် ခိုလှုံစရာ အခက်အခဲဖြစ်လာနိုင်



မေ ၂၂၊ ၂၀၂၄

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်နှင့် ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်များတွင် တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေပြီး ဒေသခံပြည်သူများလည်း စစ်ဘေးရှောင် ထွက်ပြေးနေရသည်။ အဆိုပါစစ်ဘေးရှောင်ပြည်သူများအနေဖြင့် လာမည့်မိုးရာသီတွင် စားနပ်ရိက္ခာနှင့် ခိုလှုံစရာအခက်အခဲများ ရင်ဆိုင်ရနိုင်ကြောင်း စစ်ရှောင်းအရေးကူညီဆောင်ရွက်နေသူများက ပြောသည်။

တိုက်ပွဲပြင်းထန်နေသည့်အပြင် ကော့သပ်၊ ကော့စွယ်၊ တရနာနှင့် သံကလောင်ကျေးရွာများတွင် စစ်ကောင်စီတပ်က ဝင်ရောက်တပ်စွဲနေသဖြင့် ဒေသခံပြည်သူများသည် စစ်ဘေးရှောင် ထွက်ပြေးနေရသည်မှာ (၁) လနီးပါး ကြာမြင့်နေပြီဖြစ်သည်။

**“မိုးမကျသေးတော့ စားရေးသောက်ရေး အဆင်ပြေနေသေးတယ်။ မိုးရာသီရောက်ရင်တော့ စားရေးသောက်ရေးကောနေရေးထိုင်ရေးပါ အခက်အခဲဖြစ်လာမယ်။ သူများဒေသမှာ သွားနေ,နေရတာဆိုတော့ ကြာလာလေ အခက်အခဲဖြစ်လေပေါ့”** ဟု စစ်ရှောင်အရေးကူညီပေးနေသူ မုဒုံမြို့နယ်မှ ဒေသခံတစ်ဦးက ပြောသည်။

ကျိုက်မရောနှင့် ကော့ကရိတ်မြို့နယ်များမှ စစ်ဘေးရှောင်ပြည်သူအများစုသည် ဘုန်းတော်ကြီးကျောင်းများတွင် စစ်ဘေးရှောင်ခိုလှုံနေကြရပြီး ၎င်းတို့၏ စားရေးသောက်ရေးနှင့် နေထိုင်ရေးတို့ကို ရဟန်းသံဃာတော်များ၊ အသင်းအဖွဲ့အလှူရှင်များနှင့် ပုဂ္ဂလိကအလှူရှင်များက ကူညီပေးနေသည်။

အဆိုပါမြို့နယ်များတွင် ဖြစ်ပွားနေသည့်တိုက်ပွဲများသည် ပြီးဆုံးမည့်အရိပ်အယောင် မရှိသဖြင့် စစ်ဘေးရှောင်များသည် လာမည့်မိုးရာသီမတိုင်မီအချိန်အထိ နေအိမ်ပြန်နိုင်မည် မဟုတ်ချေ။

**“ကြာလာရင် အလှူရှင်တွေ နည်းပါးလာမှာကို စိုးရိမ်ရတယ်။ စားရေးသောက်ရေးအတွက် အလှူရှင်တွေကိုပဲ မှီခိုနေရတော့ အလှူရှင်နည်းလာတာနဲ့ အခက်အခဲတန်းဖြစ်မှာပဲ”** ဟု စစ်ရှောင်အရေးကူညီပေးနေသူက ပြောသည်။

ကျိုက်မရောနှင့် ကော့ကရိတ်မြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် မွန်ပြည်သစ်ပါတီ (အာဏာရှင်တိုက်ဖျက်ရေး) တပ်ဖွဲ့ ပူးပေါင်းတပ်တို့အကြား တိုက်ပွဲပြင်းထန်နေသဖြင့် ဒေသခံပြည်သူ အယောက် (၁၀,၀၀၀) ကျော် ထွက်ပြေးတိမ်းရှောင်နေရသည်။ ၎င်းပြင် နေအိမ်ထိခိုက်ပျက်စီးမှုနှင့် အရပ်သားထိခိုက်သေဆုံးမှုများ ဆက်တိုက်ဖြစ်ပွားနေသည်။

# သထုံတွင် စစ်ကောင်စီ၏လက်နက်ကြီးကြောင့် အရပ်သား (၆) ဦး ဒဏ်ရာရ




**ဧပြီ ၃၊ ၂၀၂၄**

၂၀၂၄ မတ်လ (၂၇) ရက်မှ (၃၀) ရက်နေ့အထိ (၄) ရက်တာအတွင်း အမှတ် (၉) ခြေမြန်တပ်ရင်းက မွန်ပြည်နယ် သထုံမြို့နယ်ရှိ ထုံးဘိုလေး၊ ချောင်းစောင့်နှင့် ထို့ကော်ကျိုင်းကျေးရွာများကို လက်နက်ကြီး (၁၃) လုံးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ကလေးငယ် (၂) ဦး အပါအဝင် အရပ်သားပြည်သူ (၆) ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း သထုံခရိုင်ကရင်အမျိုးသားအစည်းအရုံးက ထုတ်ပြန်သည်။

လက်နက်ကြီးကြောင့် အသက် (၁၃) နှစ်အရွယ် စောဖြိုးဖြိုး၊ အသက် (၁၆) နှစ်အရွယ် စောနေလင်း၊ အသက် (၂၃) နှစ်အရွယ် နော်ချောတခု၊ အသက် (၅၆) နှစ်အရွယ် ဦးမောင်ထွေး၊ အသက် (၅၄) နှစ်အရွယ် နော်နောရီနှင့် အသက် (၅၇) တီးပန်းစိန်တို့ ထိခိုက်ဒဏ်ရာရခဲ့သည်။

**“ဘာတိုက်ပွဲမှမရှိဘဲ လက်နက်ကြီးနဲ့ ပစ်တာ။ ခုက ရွာမှာ ပြေးတဲ့သူက ပြေးကုန်ပြီ။ မပြေးတဲ့သူက ဖုံးခိုကျင်းမှာပဲ နေ,နေရတယ်။ လက်နက်ကြီးမပစ်တဲ့နေ့ တစ်ရက်မှ မရှိဘူး”** ဟု ထုံးဘိုလေး ဒေသခံတစ်ဦးက ပြောသည်။

စစ်ကောင်စီ၏လက်နက်ကြီးပစ်ခတ်မှုကြောင့် လက်တလောတွင် ထုံးဘိုလေး၊ ထုံးဘိုကြီး၊ ချောင်းစောင့်၊ ထို့ကော်ကျိုးအပါအဝင် ကျေးရွာ (၆) ရွာမှ ဒေသခံပြည်သူများ ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်နေရသည်။

**“ကျွန်တော်တို့ရွာကို ပစ်တာ အခုနဲ့ဆို (၃) ကြိမ် ရှိပြီ။ ဘာတိုက်ပွဲမှလည်း မရှိဘဲနဲ့ ရည်ရွယ်ချက်ရှိရှိနဲ့ကို ပစ်နေတာ။ အခုလည်း လက်နက်ကြီးမှန်လို့ ရွာသား (၃) ယောက် ဆေးကုခံနေရတယ်”** ဟု စစ်ဘေးရှောင်တစ်ဦးက ပြောသည်။

ပြီးခဲ့သည့်မတ်လ (၂၃) ရက်နေ့တွင်လည်း ဘီးလင်းမြို့နယ် မင်းစောကျေးရွာကို စစ်ကောင်စီက လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့သဖြင့် အလယ်တန်းကျောင်း (၃) ကျောင်း၊ သာသနိကအဆောက်အဦး (၂) လုံး၊ နေအိမ် (၁၂) လုံး ထိခိုက်ပျက်စီးခဲ့ပြီး အရပ်သား (၁) ဦး ဒဏ်ရာရရှိခဲ့ကြောင်း သထုံခရိုင်ကရင်အမျိုးသားအစည်းအရုံးက ထုတ်ပြန်သည်။

# စစ်တပ်က ကျေးရွာတွင်ဝင်ရောက်တပ်စွဲခြင်းကြောင့် ဒေသခံပြည်သူ (၄,၀၀၀) နီးပါး ထွက်ပြေးတိမ်းရှောင်



ဧပြီ ၂၊ ၂၀၂၄

၂၀၂၄ မတ်လ နောက်ဆုံးအပတ်တွင် မွန်ပြည်နယ် ကျိုက်မရော မြို့နယ် တရနာနှင့် ကော့သပ်ကျေးရွာများသို့ စစ်ကောင်စီတပ်များက ဝင်ရောက်တပ်စွဲထားခြင်းကြောင့် တိုက်ပွဲဖြစ်ပွားလာမည်ကို စိုးရိမ်ပြီး ဒေသခံပြည်သူ (၄,၀၀၀) နီးပါးသည် ဘေးလွတ်ရာသို့ ရှောင်တိမ်းနေရကြောင်း သိရသည်။

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်ရှိ ကော့ဘိန်းနယ်မြေရဲစခန်းကို တော်လှန်ရေးအင်အားစုများက တိုက်ခိုက်သိမ်းပိုက်ပြီးနောက် အင်အား (၁၀၀) ကျော်ပါ စစ်ကြောင်းသည် မော်လမြိုင် - ခရုံဂူ လမ်းကြောင်းအတိုင်း တရနာနှင့် ကော့သပ်ကျေးရွာသို့ ရောက်ရှိလာပြီး ဘုန်းကြီးကျောင်းနှင့် ရွာလမ်းကြားအနှံ့ ဝင်ရောက်တပ်စွဲခဲ့သည်။

**“ကော့ဘိန်းမှာ ပြီးတော့ တရနာဘက် ရောက်လာတယ်။ လမ်းကြားတွေ ဘုန်းကြီးကျောင်းတွေမှာ သူတို့ရှိနေတယ်။ ပြည်သူတွေလည်း မနေနရဲတော့ဘူး။ ရွာကနေ ထွက်ပြေးကုန်ကြပြီ”** ဟု တရနာဒေသခံတစ်ဦးက ပြောသည်။

ကျေးရွာအတွင်း စစ်ကောင်စီတပ်သားများ သွားလာလှုပ်ရှားနေသဖြင့် ဒေသခံများသည် စိုးရိမ်ကြောက်လန့်ကာ အခြားမြို့များရှိ ဆွေမျိုးနီးစပ်အိမ်များသို့ ပြောင်းရွှေ့သွားသူများ ရှိသကဲ့သို့ တောတောင်ထဲရှိ ကျောက်ဂူများတွင် ပုန်းအောင်းနေသူများလည်း ရှိသည်။

**“တိုက်ပွဲက အချိန်မရွေး ဖြစ်လာနိုင်တယ်။ ရှောင်လိုက်တာ အကောင်းဆုံးပဲ။ လေယာဉ်သံတွေလည်း အဆက်မပြတ်ကြားနေရတယ်။ သက်ကြီးပိုင်းတွေဆို လန့်ကုန်ကြတယ်။ အခုတော့ ဘေးလွတ်ရာ ပြေးကုန်ကြပြီ။ ရွာထဲမှာတော့ သက်လတ်ပိုင်းယောကျ်ားလေးတွေပဲ ကျန်တော့တယ်”** ဟု စစ်ဘေးရှောင်တစ်ဦးက ပြောသည်။

ကော့ဘိန်းရဲစခန်းတိုက်ပွဲအတွင်း စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုနှင့် လက်နက်ကြီးပစ်ခတ်မှုတို့ကြောင့် ဒေသခံပြည်သူ (၁) ဦး သေဆုံးပြီး (၃) ဦး ထိခိုက်ဒဏ်ရာရခဲ့သည်။ ကော့ဘိန်းတစ်ရွာလုံး မီးလောင်ပျက်စီးခဲ့သဖြင့် ဒေသခံပြည်သူ (၆,၀၀၀) ကျော် ထွက်ပြေးတိမ်းရှောင်နေရသည်။

# နိုင်ငံရေးအကျဉ်းသား (၂) ဦးကို စစ်ကောင်စီက ထောင်ပြင်ပသို့ ခေါ်ထုတ်ကာ သတ်ဖြတ်





သတ်ဖြတ်ခံရသူ - ကိုဝင်းသီဟ　　ပျောက်ဆုံးနေသူ - ကိုမင်းသူ (ခ) မော်လဝီရှက်မင်း

**ဧပြီ ၂၊ ၂၀၂၄**

၂၀၂၄ မတ်လ (၁၆) ရက်နေ့တွင် တနင်္သာရီတိုင်း ထားဝယ် အကျဉ်းထောင်တွင် ပြစ်ဒဏ်ကျခံနေသည့် နိုင်ငံရေးအကျဉ်းသား (၂) ဦးကို စစ်ကောင်စီတပ်က ထောင်ပြင်ပသို့ ခေါ်ဆောင်သွားပြီး နောက် တစ်ဦးမှာ သတ်ဖြတ်ခံလိုက်ရပြီး အခြားတစ်ဦးမှာ ယနေ့ အချိန်အထိ သတင်းအစအနမရဘဲ ပျောက်ဆုံးနေကြောင်း သိရ သည်။

ကိုဝင်းသီဟနှင့် ကိုမင်းသူတို့ (၂) ဦးသည် အကျဉ်းထောင်အတွင်းမှ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များထံသို့ ဖုန်းဖြင့်အဆက်အသွယ်ပြုလုပ် ခဲ့သည်ဟုဆိုကာ ရဲတပ်ဖွဲ့ဝင်များက ထောင်ပြင်ပသို့ခေါ်ထုတ်သွား ခဲ့သည်။ ကိုဝင်းသီဟသည် ထွက်ပြေးရန်ကြိုးစားသဖြင့် ပစ်ခတ်ရာ မှ သေဆုံးသွားကြောင်း ထောင်အာဏာပိုင်များက မိသားစုဝင်များကို မတ်လ (၂၃) ရက်နေ့တွင် ပြောကြားခဲ့သည်။

**“မတ်လ (၂၃) ရက်နေ့မှာ သားနဲ့တွေ့ဖို့ ထောင်အာဏာပိုင်တွေကို အသနားခံစာတင်တဲ့အချိန်မှာ သားက သေသွားပြီလို့ ထောင်မှူး က ပြောလာတယ်။ အလောင်းကို တောင်းတော့လည်း မပေးကြ ဘူး”** ဟု ကိုဝင်းသီဟ၏ ဖခင်ဖြစ်သူက ပြောသည်။

ကိုဝင်းသီဟကို ၂၀၂၂ ဇူလိုင်လ (၇) ရက်နေ့တွင် စစ်ကောင်စီက ဖမ်းဆီးခဲ့ပြီး ထောင်ဒဏ် (၇) နှစ် ချမှတ်ထားသည်။ အကျဉ်းကျ နေစဉ် ပြင်းထန်စွာညှင်းပန်းနှိပ်စက်မှု ခံခဲ့ရပြီး ၂၀၂၃ နှစ်ကုန်ပိုင်း မှစ၍ တစ်လလျှင် တစ်ကြိမ်သာ ထောင်ဝင်စာတွေ့ခွင့်ရခဲ့သည်။

**“ထောင်ကျနေတဲ့အကျဉ်းသားတစ်ယောက်ကို အပြစ်ရှိရင်တောင် ထောင်ထဲမှာပဲ စစ်ဆေးရမယ်။ အပြင်ခေါ်ထုတ်ပြီး စစ်ဆေး တာမျိုးက မဖြစ်သင့်တဲ့အရာတွေပါ။ ကျွန်တော့်အနေနဲ့ လုံးဝမ ကျေနပ်ဘူး”** ဟု ဖခင်ဖြစ်သူက ထပ်မံပြောကြားခဲ့သည်။

ကိုဝင်းသီဟနှင့်အတူ ထောင်ပြင်သို့ခေါ်ထုတ်ခြင်းခံရသူ ကိုမင်းသူ (ခ) မော်လဝီရှက်မင်းသည် ယနေ့အချိန်အထိ အဆက်အသွယ်မရဘဲ ပျောက်ဆုံးနေကြောင်း သိရသည်။

**“ကိုမင်းသူက ရန်ကုန်ဇာတိ။ အကြမ်းဖက်ပုဒ်မနဲ့ ထောင်ဒဏ် (၁၀) နှစ် ကျခံထားရတာ။ လက်ရှိမှာလည်း နောက်ထပ်ပုဒ်မ (၃) ခုနဲ့ တရားရင်ဆိုင်နေရဆဲပဲ”** ဟု ထားဝယ်ခရိုင် နိုင်ငံရေး အကျဉ်းသားကွန်ရက်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပြီးခဲ့သည့်ရက်ပိုင်းတွင်လည်း ထားဝယ်အကျဉ်းထောင်မှ နိုင်ငံရေး အကျဉ်းသားများအပါအဝင် အကျဉ်းသား (၂၀) ဦးခန့်ကို စစ်ကောင်စီက တိုက်ပိတ်ထားကြောင်း သိရသည်။



**မွန်ပြည်လူ့ အခွင့်အရေးဖောင်ဒေးရှင်းမှ ထုတ်ဝေသည်။**

# စစ်ဘေးရှောင်နေအိမ်ရှိ အဖိုးတန်ပစ္စည်းများကို စစ်ကောင်စီ တပ်ဖွဲ့ဝင်များက ကားဖြင့်ခိုးယူသယ်ဆောင်



ဧပြီ ၂၅၊ ၂၀၂၄

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် တရနာကျေးရွာရှိ စစ်ဘေးရှောင်ပြည်သူများ၏နေအိမ်များမှ အဖိုးတန်ပစ္စည်းများကို စစ်ကောင်စီတပ်သားများက ကားဖြင့် ခိုးယူလုယက်သယ်ဆောင်နေကြောင်း ဒေသခံများက ပြောသည်။

စစ်ကောင်စီ၏ လက်နက်ကြီးပစ်ခတ်မှုနှင့် လေကြောင်းတိုက်ခိုက်မှုတို့ကြောင့် မွန်ပြည်နယ် ကျိုက်မရောမြို့နယ်ရှိ ကျေးရွာ (၇) ရွာမှ ဒေသခံပြည်သူများသည် ပြီးခဲ့သည့်မတ်လနောက်ဆုံးအပတ်ကတည်းက နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်နေရသည်။

**“ရွာမှာ အိမ်စောင့်တဲ့သူ နည်းနည်းပါးပါးတော့ ကျန်နေသေးတယ်။ နေ့ဘက်ဆို ရွာထဲ မဝင်ရဲဘူး။ ညပိုင်းကျမှ ရွာထဲကို ဝင်အိပ်တာ။ အိမ်မှာကျန်ခဲ့တဲ့ ဆိုင်ကယ်တွေ အစားအသောက်တွေ တန်ဖိုးရှိပစ္စည်းတွေကို သူတို့က ဆယ့်နစ်ဘီးကားကြီးနဲ့ လာသယ်နေကြတယ်”** ဟု တရနာရွာသားတစ်ဦးက ပြောသည်။

ပြီးခဲ့သည့် ဧပြီလ (၉) ရက်နေ့တွင်လည်း တရနာကျေးရွာတွင် တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်က လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့သဖြင့် နေအိမ်များ ထိခိုက်ပျက်စီးခဲ့သည်။

**“စစ်သားတွေက နေ့တိုင်းကင်းလှည့်နေတော့ ဘယ်သူမှ မပြန်ရဲဘူး။ တစ်အိမ်ဆို ယောကျ်ားလေး (၁) ယောက်ပဲ ကျန်တယ်။ သူတို့က ညပိုင်းပဲ အိမ်ကို သွားကြည့်ရတယ်။ အိမ်မှာ ဆိုင်ကယ်တွေကို ထားခဲ့ပြီး ထွက်ပြေးလာရတော့ သူတို့က အဲဒါတွေကို ယူသွားကြတယ်”** ဟု တရနာကျေးရွာမှ စစ်ဘေးရှောင်တစ်ဦးက ပြောသည်။

ကျိုက်မရောမြို့နယ်ရှိ တရနာ၊ ကော့သတ်၊ ကော့စွယ်၊ သံကလောင်၊ ဓမ္မသ အစရှိသည့်ကျေးရွာများကို စစ်ကောင်စီတပ်က လက်နက်ကြီးဖြင့် နေ့စဥ်ရက်ဆက် ပစ်ခတ်တိုက်ခိုက်နေကြောင်း သိရသည်။


# မွန်ပြည်နယ် ၊ ကရင်ပြည်နယ် ၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြေမြှုပ်မိုင်းပေါက်ကွဲမှု ၊ ဒဏ်ရာအနာတရ နှင့် ဖမ်းဆီးမှု အရေအတွက်

ဇန်နဝါရီလ မှ မတ်လအထိ ၂၀၂၄

မွန်ပြည်နယ် - ၂ ဦး


ကရင်ပြည်နယ် - ၁ ဦး

တနင်္သာရီတိုင်းဒေသ-၃ ဦး




# မွန်ပြည်နယ် ၊ ကရင်ပြည်နယ် ၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ (၄) လအတွင်း ဖမ်းဆီးမှု အရေအတွက်

မတရားချုပ်နှောင်မှု နှင့် ဖမ်းဆီးမှု - (၅၅၂) ဦး



# ရေဖြူတွင် စစ်ရှောင် (၁,၀၀၀) ကျော် နေရပ်မပြန်နိုင်သေး



**ဧပြီ ၄၊ ၂၀၂၄**

မွန် - တနင်္သာရီနယ်စပ်ရှိ မလွဲတောင်စစ်ဆေးရေးဂိတ်ကို တော်လှန်ရေးအင်အားစုများက ဒရုန်းဖြင့်တိုက်ခိုက်ပြီးနောက် ၂၀၂၄ မတ်လ (၂၉) ရက်နေ့ မနက်ပိုင်းတွင် တနင်္သာရီတိုင်း ရေဖြူမြို့နယ်ကို စစ်ကောင်စီတပ်က လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့သည်။

လေကြောင်းတိုက်ခိုက်မှုကြောင့် ရွာသား (၁) ဦး ကျည်ထိမှန် ဒဏ်ရာရခဲ့ပြီး နေအိမ် (၁) လုံး ထိခိုက်ပျက်စီးခဲ့သည်။ ကျွဲတလင်း၊ လေဒ့သိုင်း၊ ရာဖူးနှင့် အလယ်စခန်းကျေးရွာများမှ ဒေသခံပြည်သူ (၁,၀၀၀) ကျော် ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။

လက်ရှိအချိန်အထိ စစ်ကောင်စီတပ်က လေယာဉ်ဖြင့် နေ့စဉ်ကင်းထောက်ပျံဝဲနေသည့်အပြင် လက်နက်ကြီးဖြင့်လည်း တစ်နေ့လျှင် အလုံး (၄၀) နီးပါး ရမ်းသမ်းပစ်ခတ်နေသဖြင့် ကျေးရွာ (၄) ရွာမှ စစ်ရှောင်ပြည်သူများမှာ နေရပ်ပြန်နိုင်ခြင်း မရှိသေးကြောင်း သိရသည်။

**“လေကြောင်းက နေ့တိုင်းပဲ ဝဲနေတာ။ ရုတ်တရက်ထွက်ပြေးလာတော့ အဝတ်အစားနဲ့ စားနပ်ရိက္ခာတွေ အများကြီးလိုတယ်”** ဟု စစ်ဘေးရှောင်ပြည်သူတစ်ဦးက ပြောသည်။

ယခုနှစ်ဆန်းပိုင်းမှစ၍ တနင်္သာရီတိုင်း လောင်းလုံး၊ ထားဝယ်နှင့် ရေဖြူမြို့နယ်များကို စစ်ကောင်စီတပ်က လေကြောင်းတိုက်ခိုက်မှုများ အဆက်မပြတ်လုပ်ဆောင်နေသဖြင့် ဒေသခံပြည်သူ သောင်းချီ ထွက်ပြေးရှောင်တိမ်းနေရသည်။

**“လေယာဉ်သံကြားရင် အပြင်မထွက်ရဲဘူး။ ပစ်ခံရမှာ ကြောက်တယ်။ သူတို့က နေ့တိုင်းလိုလိုပဲ ဝဲနေတယ်”** ဟု ရာဖူးကျေးရွာမှ ဒေသခံတစ်ဦးက ပြောသည်။

လေကြောင်းတိုက်ခိုက်မှုကြောင့် ထားဝယ်မြို့နယ် အရှေ့တောဒေသမှ ဒေသခံပြည်သူများလည်း နေရပ်ပြန်နိုင်ခြင်း မရှိသေးသည့်အပြင် အဆိုပါဒေသတွင် စားနပ်ရိက္ခာသယ်ယူခွင့်ကိုလည်း စစ်ကောင်စီက ပိတ်ပင်ထားသည်။

**“အကျီအဝတ်အစားကလွဲ ဘာမှပါမလာကြဘူး။ လောလောဆယ်တော့ တတ်နိုင်သလောက် ကူညီပေးနေတယ်။ ယာယီတဲတွေ ဆောက်ပေးထားတယ်”** ဟု စစ်ရှောင်အရေးကူညီပေးနေသူတစ်ဦးက ပြောသည်။

# သံဖြူဇရပ်တွင် မူးယစ်ဆေးသုံးသူများကို ရဲကဖမ်းပြီး ငွေညှစ်



ဧပြီ ၂၅၊ ၂၀၂၄

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်တွင် ရဲတပ်ဖွဲ့ဝင်များက ဘိန်းစာရွက်နှင့် မူးယစ်ဆေးသုံးစွဲသူများကို ဖမ်းဆီးရမိပါက တရားဥပဒေအတိုင်း ဆက်လက်ဆောင်ရွက်ခြင်းမရှိဘဲ ဖမ်းဆီးခံရသူများနှင့် ၎င်းတို့၏မိသားစုဝင်များထံမှ ငွေကြေးတောင်းခံမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

**“ဧပြီလ (၁၀) ရက်နေ့က ရွာမှာ မူးယစ်ဆေးရောင်းတဲ့အိမ်ကို လာဖမ်းတာ စိတ်ကြွဆေးပြား (၂) လုံးပဲ တွေ့တယ်။ ရဲတပ်ဖွဲ့ဝင်တွေက ငွေ သိန်း (၂၀) တောင်းပြီးတော့ ရဲစခန်းတောင် မပို့ဘဲ ပြန်လွှတ်ပေးလိုက်တယ်”** ဟု သံဖြူဇရပ်မြို့မှ ဒေသခံတစ်ဦးက ပြောသည်။

ဧပြီလ (၁၂) ရက်နေ့တွင်လည်း သံဖြူဇရပ်မြို့နယ်မှ မူးယစ်ဆေးသုံးစွဲသူအမျိုးသားတစ်ဦးကို ရဲတပ်ဖွဲ့က ဖမ်းဆီးရမိခဲ့ပြီး ပြန်လည်လွှတ်ပေးလိုပါက ငွေကျပ်သိန်း (၁၀၀) ပေးရမည်ဖြစ်ကြောင်း မိသားစုဝင်များကို ခြိမ်းခြောက်ငွေညှစ်ခဲ့သည်။


**“လူရော ဆိုင်ကယ်ရောကို သိန်း (၁၀၀) တောင်းတာ။ မိသားစုက မတတ်နိုင်တော့ သိန်း (၄၀) နဲ့ ညှိလိုက်ရတယ်။ ရဲစခန်းတောင် မရောက်ဘူး။ လမ်းမှာပဲ ဈေးဖြတ်လိုက်တယ်”** ဟု ဒေသခံအမျိုးသမီးတစ်ဦးက ပြောသည်။

မူးယစ်ဆေးသုံးစွဲသူများကို ဖမ်းဆီးရမိပါက ရဲတပ်ဖွဲ့ဝင်များက ၎င်းတို့၏မိသားစုဝင်များကို လူကိုယ်တိုင်ဖြင့်ဖြစ်စေ ဖုန်းဖြင့်ဖြစ်စေ ခြိမ်းခြောက်ငွေတောင်းလျက်ရှိသည်။

**“အိမ်ဘေးနားတစ်ယောက်ဆိုရင် ဖမ်းခံရတဲ့နေ့က သိန်း (၂၀) ပေးလိုက်တယ်။ တစ်ပတ်တောင်မကြာဘူး နောက်ထပ် (၉) သိန်း ပြန်တောင်းတယ်။ အဖမ်းခံတဲ့သူက ရွာပြောင်းပြီး သတင်းအစအနဖျောက်နေရတယ်”** ဟု သံဖြူဇရပ်မြို့နယ်က ဒေသခံတစ်ဦးက ပြောသည်။

အာဏာသိမ်းပြီးနောက်ပိုင်း တရားဥပဒေစိုးမိုးမှု ပျက်သုဉ်းသွားသဖြင့် မွန်ပြည်နယ်တွင် မူးယစ်ဆေးဝါးသုံးစွဲရောင်းဝယ်မှု ပိုမိုများပြားလာပြီး ဘိန်းစာရွက်သုံးစွဲမှုသည် ပထမနေရာတွင် ရှိနေကာ စိတ်ကြွဆေး(WY)ဆေးပြား သုံးစွဲမှုသည် ဒုတိယနေရာတွင် ရှိနေသည်။

# စစ်ကောင်စီတပ်သားများက မွန်အမျိုးသမီးများကို လိင်အကြမ်းဖက်မှု ကျူးလွန်



**ဧပြီ ၂၄၊ ၂၀၂၄**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်တွင် စစ်ကောင်စီတပ်နှင့် မွန်ပြည်သစ်ပါတီ (အာဏာရှင်တိုက်ဖျက်ရေး) မဟာမိတ်တပ်ဖွဲ့ တို့အကြား တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေပြီး စစ်ကောင်စီတပ်သားများက မွန်ကျေးရွာများရှိ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများနှင့် နေအိမ်အဆောက်အဦးများတွင် ဝင်ရောက်တပ်စွဲနေထိုင်မှုများ ပြုလုပ်လာကြသည်။

အဆိုပါစစ်ကောင်စီတပ်သားများက အပြစ်မဲ့ပြည်သူများကို ဖမ်းဆီးခြင်း၊ ပစ်ခတ်သတ်ဖြတ်ခြင်းများ ကျူးလွန်နေသည့်အပြင် ဒေသခံမွန်အမျိုးသမီးများကိုလည်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ ကျူးလွန်နေကြောင်း သိရသည်။


၂၀၂၄ ဧပြီလတွင် စစ်ကောင်စီတပ်သားများတပ်စွဲထားသည့် မွန်ကျေးရွာတစ်ရွာမှ မွန်အမျိုးသမီးများကို စစ်ကောင်စီတပ်ဖွဲ့ဝင်များက ဖမ်းဆီးခေါ်ဆောင်သွားပြီး လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု ကျူးလွန်ခဲ့ကြောင်း ဒေသခံသတင်းရစ်မြစ်တစ်ခုက ပြောသည်။

**"မကြာသေးခင်ကပဲ မွန်ရွာတစ်ရွာမှာ အဲလိုဖြစ်စဉ် ဖြစ်ခဲ့တယ်ဆိုတာ ကျွန်တော်တို့ ကြားသိရတယ်။ စစ်သားတွေက ယုတ်မာလာတာ အခုမှ မဟုတ်ဘူး၊ ခေတ်အဆက်ဆက်က ယုတ်မာလာတာ။ စစ်သားတွေရှိတဲ့ရွာက အမျိုးသမီးတွေ သတိရှိရှိနေထိုင်ကြပါ။ ဖြစ်နိုင်ရင် ရွာထဲ မနေတာ ကောင်းတယ်။ သူတို့ အပျို၊ အအို၊ ကိုယ်ဝန်ဆောင်၊ အိမ်ထောင်သည်၊ ကလေးအမေ ဘာမှ မရွေးဘူး"** ဟု သတင်းရင်းမြစ်က ပြောသည်။

အမျိုးသမီးများသည် စစ်ကောင်စီတပ်သားများ၏ လိင်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများကို ကြုံတွေ့ခဲ့ရသော်လည်း အသက်အန္တရာယ်နှင့် လုံခြုံရေးကြောင့် အဆိုပါကျူးလွန်မှုများကို ပြန်လည်ဖွင့်ပြောခြင်းမရှိဘဲ နှုတ်ဆိတ်နေကြရသည်။

**"သင်္ကြန်ရက်တုန်းက မွန်အမျိုးသမီးငယ်တစ်ဦး ရေကစားနေတာကို စစ်သားက အရက်အတင်းသောက်ခိုင်းတော့ သူ သောက်လိုက်ရတယ်။ ကြောက်ပြီး သောက်လိုက်ရတာပေါ့။ အဲလိုတွေ ရှိတယ်"** ဟု ကျူးလွန်ခံရသူ၏ သူငယ်ချင်းဖြစ်သူက ပြောသည်။

# ချောင်းဆုံတွင် စစ်မှုထမ်းသူ ငှားရမ်းရန်အတွက် အုပ်ချုပ်ရေးမှူးက (၁၈) နှစ်ပြည့်သူတိုင်းထံမှ ငွေကောက်



ဧပြီ ၂၄၊ ၂၀၂၄

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်တွင် စစ်ကောင်စီတပ်နှင့် မွန်ပြည်သစ်ပါတီ (အာဏာရှင်တိုက်ဖျက်ရေး) မဟာမိတ်တပ်ဖွဲ့တို့အကြား တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေပြီး စစ်ကောင်စီတပ်သားများက မွန်ကျေးရွာများရှိ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများနှင့် နေအိမ်အဆောက်အဦးများတွင် ဝင်ရောက်တပ်စွဲနေထိုင်မှုများ ပြုလုပ်လာကြသည်။

အဆိုပါစစ်ကောင်စီတပ်သားများက အပြစ်မဲ့ပြည်သူများကို ဖမ်းဆီးခြင်း၊ ပစ်ခတ်သတ်ဖြတ်ခြင်းများ ကျူးလွန်နေသည့်အပြင် ဒေသခံမွန်အမျိုးသမီးများကိုလည်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ ကျူးလွန်နေကြောင်း သိရသည်။

၂၀၂၄ ဧပြီလတွင် စစ်ကောင်စီတပ်သားများတပ်စွဲထားသည့် မွန်ကျေးရွာတစ်ရွာမှ မွန်အမျိုးသမီးများကို စစ်ကောင်စီတပ်ဖွဲ့ဝင်များက ဖမ်းဆီးခေါ်ဆောင်သွားပြီး လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု ကျူးလွန်ခဲ့ကြောင်း ဒေသခံသတင်းရစ်မြစ်တစ်ခုက ပြောသည်။

**"မကြာသေးခင်ကပဲ မွန်ရွာတစ်ရွာမှာ အဲလိုဖြစ်စဉ် ဖြစ်ခဲ့တယ်ဆိုတာ ကျွန်တော်တို့ ကြားသိရတယ်။ စစ်သားတွေက ယုတ်မာလာတာ အခုမှ မဟုတ်ဘူး၊ ခေတ်အဆက်ဆက်က ယုတ်မာလာတာ။ စစ်သားတွေရှိတဲ့ရွာက အမျိုးသမီးတွေ သတိရှိရှိနေထိုင်ကြပါ။ ဖြစ်နိုင်ရင် ရွာထဲ မနေတာ ကောင်းတယ်။ သူတို့ အပျို၊ အအို၊ ကိုယ်ဝန်ဆောင်၊ အိမ်ထောင်သည်၊ ကလေးအမေ ဘာမှ မရွေးဘူး"** ဟု သတင်းရင်းမြစ်က ပြောသည်။

အမျိုးသမီးများသည် စစ်ကောင်စီတပ်သားများ၏ လိင်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများကို ကြုံတွေ့ခဲ့ရသော်လည်း အသက်အန္တရာယ်နှင့် လုံခြုံရေးကြောင့် အဆိုပါကျူးလွန်မှုများကို ပြန်လည်ဖွင့်ပြောခြင်းမရှိဘဲ နှုတ်ဆိတ်နေကြရသည်။

**"သကြံန်ရက်တုန်းက မွန်အမျိုးသမီးငယ်တစ်ဦး ရေကစားနေတာကို စစ်သားက အရက်အတင်းသောက်ခိုင်းတော့ သူ သောက်လိုက်ရတယ်။ ကြောက်ပြီး သောက်လိုက်ရတာပေါ့။ အဲလိုတွေ ရှိတယ်"** ဟု ကျူးလွန်ခံရသူ၏ သူငယ်ချင်းဖြစ်သူက ပြောသည်။

# လောင်းလုံးတွင် ရွာသား (၂) ဦးကို စစ်ကောင်စီနှင့် ပျူစောထီးတို့က ဖမ်းဆီး



**ဧပြီ ၄၊ ၂၀၂၄**

၂၀၂၄ မတ်လ (၃၁) ရက်နေ့တွင် တနင်္သာရီတိုင်း လောင်းလုံးမြို့နယ် ကျောက်နီမော်ကျေးရွာရှိ စစ်ကောင်စီတပ်နှင့် လက်အောက်ခံ ပျူစောထီးအဖွဲ့တို့က စစ်ပြေရွာသား (၂) ဦးကို ရိုက်နှက်ဖမ်းဆီးသွားကြောင်း ကျောက်နီမော်ဒေသခံများက ပြောသည်။

အသက် (၂၀) ကျော်အရွယ် ကိုဝင်းကျော်သူနှင့် အသက် (၂၆) နှစ်အရွယ် ကိုငယ်ငယ်တို့သည် ကျောက်နီမော်ကျေးရွာအဝင်ဝတွင် ဖမ်းဆီးခံလိုက်ရခြင်းဖြစ်ကြောင်း မိသားစုဝင်များထံမှ သိရှိရသည်။

**"သူ(ကိုဝင်းကျော်သူ)က မနက် (၉) နာရီလောက်မှာ အိမ်ကနေထွက်သွားတာ။ နေ့လည်လောက်မှာ ကျောက်နီမော်မှာ အဖမ်းခံလိုက်ရတယ်ကြားတော့ ကျောက်နီမော်ကို လိုက်မေးတဲ့အခါမှာ သူတို့(ပျူစောထီး)အဖွဲ့က မသိဘူးလို့ ငြင်းတယ်"** ဟု မိသားစုဝင် တစ်ဦးက ပြောသည်။

ဖမ်းဆီးခံရချိန်တွင် နှစ်ဦးစလုံးတွင် ပေါင်တွင် သေနတ်ဒဏ်ရာများ ရရှိထားသည်ဟု ကျောက်နီမော်ဒေသခံများက ပြောဆိုသော်လည်း မိသားစုဝင်များက အတည်မပြုနိုင်ချေ။

**"အဒေါ်အနေနဲ့ကတော့ သူတို့ရိုက်နှက်ဖမ်းဆီးထားရင်လည်း ပြန်လွှတ်ပေးစေချင်တယ်။ ကိုယ့်သားကို ပြန်လိုချင်တယ်"** ဟု မိခင်ဖြစ်သူက ပြောသည်။

၎င်းတို့နှစ်ဦးကို အင်းနီတွင်းတောင်ပေါ်ရှိ စစ်ကောင်စီစခန်းသို့ ဖမ်းဆီးခေါ်ဆောင်သွားကြောင်း၊ ၎င်းတို့နှစ်ဦး၏ဆိုင်ကယ်ကို ပျူစောထီးအဖွဲ့ဝင်များက စီးနင်းအသုံးပြုနေသည်ကို တွေ့ရကြောင်း ဒေသခံများက ပြောသည်။

**"ဧပြီ (၃) ရက်နေ့တုန်းက ပျူစောထီးခေါင်းဆောင် ချစ်စန်းမောင်ရဲ့တပည့် ဦးစိုးသိန်းက အိမ်ကိုရောက်လာပြီးတော့ အဖမ်းခံရတဲ့ကိစ္စကို ဆွေးနွေးဖို့ ယောက်ျား (၂) ယောက် ကျောက်နီမော်ဘက် ညအိပ်လိုက်ခဲ့ပေးဖို့ လာအကြောင်းကြားတယ်"** ဟု မိသားစုဝင် တစ်ဦးက ပြောသည်။

"သူ(ကိုဝင်းကျော်သူ)က မနက် (၉) နာရီလောက်မှာ အိမ်ကနေထွက်သွားတာ။ နေ့လည်လောက်မှာ ကျောက်နီမော်မှာ အဖမ်းခံလိုက်ရတယ်ကြားတော့ ကျောက်နီမော်ကို လိုက်မေးတဲ့အခါမှာ သူတို့(ပျူစောထီး)အဖွဲ့က မသိဘူးလို့ ငြင်းတယ်"

# မွန်ပြည်နယ်,ကရင်ပြည်နယ် နှင့် တနင်္သာရီတိုင်းဒေသအတွင်း လူ့အခွင့်အရေးချိုးဖောက်မှု အကြိမ်အရေအတွက်

## Mon State Cases - April 2024

**Kyaik Hto Township - 1 cases**

1. Shoot and injured
2. Artillery attack

**Bilin Township - 1 cases**

1. Killed and injured

**Thaton Township- 3 cases**

1. Attacks and injured
2. Artillery attack and injured
3. Artillery attack and killed

**Mawlamyine Township - 1 cases**


1. Arrested local's civilians

**Chaung Zone Township - 1 cases**

1. Extort money

**Thanbyuzayat Township - 2 cases**

1. Killed
2. extort money




**Kyaikmayaw 10 Cases**

1. Fled home and IDP
2. Killed and injured
3. Injured
4. Burn Down house
5. sexually assault
6. Killed
7. steal valuable
8. residents will not return
9. Extort money
10. Number of donors declines


**Ye Township - 3 cases**

1. fear amongst residents
2. Artillery attack
3. Motorbike robberies

0 5 10 20 30 40 Miles

# မွန်ပြည်နယ်,ကရင်ပြည်နယ် နှင့် တနင်္သာရီတိုင်းဒေသအတွင်း လူ့အခွင့်အရေးချိုးဖောက်မှု အကြိမ်အရေအတွက်

## Karen State Cases - April 2024





**Kaw Ka Rate Township - 4 Cases**

1. **Food and shelter problems**
2. **Injured and destroyed**
3. **Arrested and Killed**
4. **Shoot and killed**

# မွန်ပြည်နယ်,ကရင်ပြည်နယ် နှင့် တနင်္သာရီတိုင်းဒေသအတွင်း လူ့အခွင့်အရေးချိုးဖောက်မှု အကြိမ်အရေအတွက်

## Tanintharyi Division Cases - April 2024




**YePhyu Township**

1. Arrested local civilians- 2 Cases
2. Fled home and IDP
3. Arrested and Killed

**Total cases - 4 cases**

**Dawei Township**

1. Killed and disappeared

**Ka Lane Aung Township**

1. Arrested residents

**Long Lone Township - 3 cases**


1. Arrested local civilians
2. Shot and killed
3. Artillery attack


**Tha Yet Chaung Township**

1. Extort money

# ၂၀၂၄ မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ မွန်ပြည်နယ် ၊ ကရင်ပြည်နယ် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ(၄) လအတွင်း လူ့အခွင့်အရေးချိုးဖောက်မှု ဒေတာမှတ်တမ်း


## စစ်ဘေးဒုက္ခသည် ၊ သတ်ဖြတ်မှု နှင့် ဒဏ်ရာအနာတရ ရရှိသူ အရေအတွက်





စစ်ဘေးဒုက္ခသည်= (၄၉၅၀၀) ဦး ၊ ဒဏ်ရာအနာတရ = (၇၅) ဦး ၊ သတ်ဖြတ်မှု = (၂၈) ဦး


---





စစ်ဘေးဒုက္ခသည်= (၆၆၃၅၀) ဦး ၊ ဒဏ်ရာအနာတရ = (၇၈) ဦး ၊ သတ်ဖြတ်မှု = (၃၁) ဦး

---




စစ်ဘေးဒုက္ခသည်= (၅၃၈၅၀) ဦး ၊ ဒဏ်ရာအနာတရ = (၈၂) ဦး ၊ သတ်ဖြတ်မှု = (၃၄) ဦး

# မွန်ပြည်လူ့အခွင့်ရေးဖောင်ဒေးရှင်း

မွန်ပြည်လူ့အခွင့်အရေး ဖောင်ဒေးရှင်းကို ၁၉၈၈ လှုပ်ရှားမှုတွင် ပါဝင်ခဲ့သည့် ဒီမိုကရေစီစနစ်ကို အားပေးထောက်ခံသော ကျောင်းသားများ၊ တက်ကြွသော လှုပ်ရှားသူများ၊ မွန်လူထုခေါင်းဆောင်များနှင့် လူငယ်များ စုပေါင်းတည်ထောင်ခဲ့ခြင်း ဖြစ်သည်။ မြန်မာနိုင်ငံတွင် ဒီမိုကရေစနစ် ထွန်းကားရေး၊ လူ့အခွင့်အရေး ရရှိရေးနှင့် စစ်မှန်သော ငြိမ်းချမ်းရေးပေါ်ပေါက်ရေးတို့ကို အဓိကရည်ရွယ်ချက်ဖြင့် ထားရှိကာ ထူထောင်ခဲ့ခြင်း ဖြစ်သည်။ မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းသည် အကျိုးအမြတ်မယူသော အဖွဲ့အစည်းတစ်ခု ဖြစ်ပြီး အဖွဲ့ဝင်များအားလုံးသည် တူညီသော ရည်မှန်းချက်ပန်းတိုင်ကို တူညီသော အတွေးအမြင်များဖြင့် ချီတက်နေကြသော စေတနာ့ ဝန်ထမ်းများဖြစ်သည်။ မွန်ဒေသနှင့် မြန်မာနိုင်ငံတောင်ပိုင်း ဒေသများမှ လူ့အခွင့်အရေး အခြေအနေများကို စောင့်ကြည့်လေ့လာခြင်းဖြင့် မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ် ထွန်းကားလာစေရန် ဒေသဆိုင်ရာ တိုင်းရင်းသားလူ့အခွင့်အရေး အဖွဲ့တစ်ဖွဲ့ အနေဖြင့် ကျရာတာဝန်ကို ထမ်းဆောင်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် ပြုပြင်ပြောင်းလဲရေးများ ထုတ်ဝေခြင်းဖြင့် တွန်းအားပေးလျက်ရှိသည်။ မွန်လုထုအသံ ဟူသော စာစောင်ကို ပုံမှန်ထုတ်ဝေလျက်ရှိပြီး လူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာများကိုလည်း အခါအားလျော်စွာ ထုတ်ဝေလျက်ရှိသည်။

ပန်းတိုင်

နိုင်ငံသားအားလုံး လူ့အခွင့်အရေးကို အပြည့်အဝ ရရှိခံစားနိုင်စေရန်။

ရည်ရွယ်ချက်

(၁) လူ့အခွင့်အရေးနှင့်ပတ်သက်သော သတင်းများ ပြည်သူလူထုအကြား ပိုမိုပျံ့နှံ့ သိရှိနိုင်စေရန်။
(၂) လူ့အခွင့်အရေးနှင့် ပတ်သက်၍ ပြည်သူလူထုကို ပညာပေးလှုံ့ ဆော်ရန်။
(၃) လူ့အခွင့်အရေးနှင့် ပတ်သက်သော လှုပ်ရှားမှုများတွင် ပြည်သူများ ပူးပေါင်းပါဝင်လာစေရန်။

စာဖတ်သူများထံမှ ဝေဖန်အကြံပြုစာ တောင်းခံခြင်း ချစ်ခင်လေးစားရပါသော စာဖတ်သူများခင်ဗျား

မြန်မာနိုင်ငံ လူ့အခွင့်အရေးကို ကာကွယ်မြှင့်တင်ရန် ရည်ရွယ်ချက်ဖြင့် မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ လူ့အခွင့်အရေးစာစောင်ကို ထုတ်ဝေလျက်ရှိသည်။ သတင်းအချက်အလက်နှင့်ပတ်သက်၍ အချိန်နောက်ကျခြင်းများ ဖြစ်ပေါ်ခဲ့ပါက ဤအချက်အလက်များ တိကျသေချာစေရန် အကြိမ်ကြိမ် အထပ်ထပ်စစ်ဆေးနေရခြင်းကြောင့် ဖြစ်ပါသဖြင့် စာဖတ်သူများမှ နားလည်ပေး စေလိုပါကြောင်း မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ အနူးအညွတ်တောင်းပန်အပ်ပါသည်။ ကျွန်ုပ်တို့ထံသို့ ဝေဖန်အကြံပြုစာ ပေးပို့လို၍ဖြစ်စေ ကျွန်ုပ်တို့၏ စာစောင်ကို ပေးပို့စေလို၍ဖြစ်စေ အောက်ပါလိပ်စာအတိုင်း ပေးပို့နိုင်ပါသည်။ စာစောင်ပေးပို့ စေလိုပါက ပေးပို့ စေလိုသော လူပုဂ္ဂိုလ်၏ နာမည်နှင့် လိပ်စာအပြည့်အစုံကို ပေးပို့စေလိုပါသည်။

ရိုသေလေးစားစွာဖြင့်
ဒါရိုက်တာ
မွန်ပြည်လူ့အခွင့်အရေး ဖောင်ဒေးရှင်း

Human Rights Foundation of Monland (Burma)
P. O. Box 2237
General Post Office
Bangkok 10501, THAILAND